# သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ဒေသခံအခြေပြု သဘာဝအခြေခံ ခရီးသွားလုပ်ငန်း (Community-based Ecotourism-CBET)ဖော်ဆောင်ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်း အဆင့်များ

၁။ သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း CBETဆောင်ရွက်ရန် ဒေသခံများမှ သက်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးနယ်မြေ အုပ်ချုပ်ရေးမှူးထံ အဆိုပြုအောက်ပါအချက်များပါဝင်သည့် အဆိုပြု လွှာလျှောက်ထားခြင်း

(က) အဖွဲ့ဖွဲ့ထားမှု-CBETတွင် ပါဝင်မည့် ဒေသခံများ၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင် စသည်ဖြင့်၊

(ခ) ခရီးသွားတည်းခိုဆောင်(ဒေသထွက် သစ်၊ ဝါးများဖြင့် ဆောက်လုပ်မည့် တည်းခို ဆောင်ငယ်များ၊ အသင့်သုံးရွက်ဖျင်တဲများ) ဆောက်လုပ်မည့်နေရာ မြေပုံနှင့်အတူ၊

(ဂ) ဆောက်လုပ်မည့်နေရာသည် ကျေးရွာအများပိုင်မြေဖြစ်ပါက ကျေးရွာအုပ်ချုပ်ရေးမှူး နှင့် ကျေးရွာသူ/သားများ၏ မြေပုံအသုံးပြုခြင်းအပေါ် ထောက်ခံချက်၊

(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ကျရောက်သည့်မြေဖြစ်ပါက မြေ(၁-၃ဧက ခန့်)အား အသုံးပြုခွင့်ရရှိရန် ကြားခံနယ်မြေအဖြစ် သတ်မှတ်ပေးရန်လျှောက် ထားခြင်း၊

(င) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ကျရောက်သည့် မြေဖြစ်ပါက လျှောက်ထား သည့် မြေဧရိယာအတွင်း သဘာဝပေါက်ပင်အခြေအနေ၊ တည်ဆောက်မည့် အဆောက်အဦပုံစံနှင့် ဆောင်ရွက်မည့် မြေအသုံးချမှုများ မြေပုံ၊

(စ) ခရီးသွားဧည့်သည်များကို ပေးမည့်ဝန်ဆောင်မှုများ၊

(ဆ) ခရီးသွားဧည့်သည်များကို ပြသမည့်နေရာများ(ကမ်းခြေ၊ ဒီရေတော၊ သန္တာ၊ရေတံခွန်၊ သဘာဝတောတောင်၊ချောင်း၊မြစ် စသည့်ဖြင့် ဆောင်ရွက်မည့် ခရီးသွားလုပ်ငန်းများ (ဥပမာ ရေငုပ်ခြင်၊ လှေစီးခြင်း၊ ဖောင်စီးခြင်း၊ မြင်းစီးခြင်း၊ ခြေလျင်လျှောက်ခြင်း၊ တောင်တက်ခြင်း)၊ ခရီးသွားလမ်းကြောင်းများ (Tourism Route ဥပမာ ၁နာရီ လမ်း ကြောင်း၊ ၂ နာရီ လမ်းကြောင်း)၊

(ဇ) ခရီးသွားဧည့်သည်များအပေါ် တည်းခိုခြင်း၊ စားသောက်မှုနှင့် အခြားဝန်ဆောင်မှုများ အတွက် ကောက်ယူမည့် အခကြေးငွေနှင့် ရရှိသည့်အကျိုးအမြတ်များကို ခွဲဝေမည့် နည်းလမ်းများ(ကျေးရွာဖွံ့ဖြိုးရေးအတွက် အပါအဝင်)၊

(ဈ) CBETအဖွဲ့ဝင်များမှ သဘာဝနယ်မြေထိန်းသိမ်းရေး လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်နိုင်မည့် ကတိကဝတ်များ (ရှားပါးထူးခြားသည့် တောရိုင်းတိရစ္ဆာန်များ၊

လိပ်နှင့်ငှက်အသိုက်များ၊ ဥများတွေ့ရှိက သတင်းပို့ခြင်း၊ တရားမဝင် ဆောင်ရွက်မှုများကို သတင်းပို့ခြင်း၊ အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်းနှင့် သစ်ခုတ်ခြင်းတို့ကို ရှောင်ကြဉ်ခြင်း)၊

(ည) CBETအကောင်အထည်ဖော်ဆောင်ရာတွင် ရန်ပုံငွေနှင့်နည်းပညာ ပံ့ပိုးပေးမည့် အဖွဲ့အစည်းနှင့် ယင်းအဖွဲ့အစည်းမှ ထောက်ခံချက်(ရှိပါက)၊

**၂။ CBETဆောင်ရွက်ခွင့်ရရှိရန် လျှောက်ထားခြင်းအပေါ် အုပ်ချုပ်ရေးမှူးမှ စိစစ်ဆောင်ရွက်ခြင်း**

(က) လျှောက်ထားခြင်းသည် အပိုဒ်(၁)ပါများနှင့် ပြည့်စုံမှုရှိ/မရှိ စိစစ်၍ ပြည့်စုံမှုရှိပါက လျှောက်ထားသည့် ဒေသခံများအား ရှင်းလင်းပြောကြား၍ အဆိုပြုလွှာကို ပြန်လည်ပြင်ဆင်စေကာ ပြန်လည်လျှောက်ထားစေခြင်း လိုအပ်သည့်နည်းပညာ အထောက်အပံ့ပေးခြင်း(ဥပမာ– မြေပုံရေးဆွဲခြင်း)၊

(ခ) လျှောက်ထားခြင်းသည် အပိုဒ်(၁)ပါများနှင့် ပြည့်စုံမှုရှိပါက ကွင်းဆင်းစစ်ဆေး၍ အုပ်ချုပ်ရေးမှူး၏ သဘောထားမှတ်ချက်နှင့်အတူ အောက်ပါအချက်များ ပါဝင်မှုဖြင့် ဝန်းကျင်/သားငှက်ဌာန၊ ညွှန်ကြားရေးမှူးရုံးသို့ ဆက်လက်တင်ပြခြင်း၊

(ခ–၁) လျှောက်ထားသည့် ဧရိယာ၏ သဘောဝသစ်တောအခြေအနေ ဇီဝမျိုးစုံမျိုးကွဲ ကျက်စားမှု၊

(ခ–၂) CBETအတွက် အခြေခံအဆောက်အဦ ဆောက်လုပ်ခြင်းဖြင့် ထိခိုက်နိုင်မှုအပေါ် စိစစ်သုံးသပ်ချက်၊

(ခ–၃) မြေရာဇဝင် စိစစ်သုံးသပ်ချက်၊

(ခ–၄) ဥယျာဉ်အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ရှိပါက ပိုင်းခြားထားသော ဇုန်နယ်မြေများနှင့်ကိုက်ညီမှု ရှိ/မရှိ စိစစ်ဖော်ပြချက်၊

(ခ–၅) CBETဆောင်ရွက်ခြင်းဖြင့် ထိန်းသိမ်းရေး၊ ဒေသဖွံ့ဖြိုးရေးအပေါ် အကျိုးသက်ရောက်နိုင်မှု သုံးသပ်ချက်၊

(ခ–၆) ခရီးသွားတည်းခိုဆောင် ဆောက်လုပ်မည့် နေရာသည် သဘာဝထိန်းသိမ်းရေး ရေးနယ်မြေအတွင်း ကျရောက်ပါက နည်းဥပများအရ ကြားခံနယ်မြေအဖြစ် သတ်မှတ်၍ ဆောင်ရွက်ခွင့်ပြုနိုင်ရန် အပြည့်အစုံဖော်ပြချက် (နယ်နိမိတ်၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အတူ)၊

(ခ–၇) CBET ဆောင်ရွက်ခြင်းအပေါ် သက်ဆိုင်ရာ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ သဘောထား၊

၃။ ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူးချုပ်ထံ လေ့လာစိစစ်၍ သဘောထား မှတ်ချက်နှင့်အတူ ဆက်လက်တင်ပြခြင်း၊

၄။ ညွှန်ကြားရေးမှူးချုပ်မှ ပြည်ထောင်စုဝန်ကြီးထံတင်ပြ၍ သဘောတူခွင့်ပြုချက် ရယူ၍ ဥပဒေ၊ နည်းဥပဒေအရ CBET ဆောင်ရွက်မည့် မြေဧရိယာကို သဘောဝထိန်းသိမ်းနယ်မြေ၏ ကြားခံနယ်မြေအဖြစ်သတ်မှတ်ကြောင်း ကြေငြာချက်ထုတ်ပြန်ခြင်းနှင့် ညွှန်ကြားရေးမှူးချုပ်ရုံးက CBET ဆောင်ရွက်မည့် မြေဧရိယာကို သဘောဝထိန်းသိမ်းနယ်မြေ၏ ကြားခံနယ်မြေအဖြစ် သတ်မှတ်ကြောင်း ကြေငြာချက်နှင့် CBETအား စည်းကမ်းချက်များ သတ်မှတ်၍ ဆောင်ရွက် ခွင့်ပြုကြောင်းကို သက်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးနယ်မြေသို့ အကြောင်းကြားခြင်း၊

၅။ သက်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးနယ်မြေမှ CBETဆောင်ရွက်မည့် ဒေသအစုအဖွဲ့၊ ရန်ပုံငွေနှင့်နည်းပညာ ပံ့ပိုးပေးမည့်အဖွဲ့အစည်းတို့နှင့် သဘောတူညီချက် ပြုလုပ်၍ CBETကို အကောင်အထည်ဖော်ရန် ဒေသအစုအဖွဲ့အား ခွင့်ပြုခြင်း။